## ဓမ္မခန္ဓာ (၉၇) ဖွဲ့စည်းပုံ (အလ်–ကာဒ္ဒ်ရီ)

ဥာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၂၅)၊ သုတ်ဒေသနာ (၅)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللّهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။<br>ကုရ်အံ | **إِنَّا أَنزَلْنَاهُ فِي لَيْلَةِ الْقَدْرِ**۞<br>ငါအရှင်သည် **၎င်း**ကို ဖွဲ့စည်းပုံပြဋ္ဌာန်းသည့် ညဥ္၌[၁၁၈၄] ချမှတ်ပေးတော်မူ၏။ |
| ၂။ | **وَمَا أَدْرَاكَ مَا لَيْلَةُ الْقَدْرِ**۞<br>ဖွဲ့စည်းပုံပြဋ္ဌာန်းသည့် ညဟူသည် သင့်အား မည်သည်က တွေးသိစေအံ့နည်း။ |
| ၃။ | **لَيْلَةُ الْقَدْرِ خَيْرٌ مِّنْ أَلْفِ شَهْرٍ**۞<br>ဖွဲ့စည်းပုံပြဋ္ဌာန်းသည့် ညသည် လပေါင်း တစ်ထောင်ထက် ပို၍ ကောင်းမြတ်၏။[၁၁၈၅] |
| ၄။ | **تَنَزَّلُ الْمَلَائِكَةُ وَالرُّوحُ فِيهَا بِإِذْنِ رَبِّهِم مِّن كُلِّ أَمْرٍ**۞<br>ကံကြမ္မာရှင်၏ အမိန့်တော်အားဖြင့် အရေးအရာ ကိုယ်စီအတွက် နိမိတ်ဆောင်များနှင့် ဥာဏ်စဉ်တော်အား ထိုည၌ ချမှတ်ပေးတော်မူ၏။[၁၁၈၆] |

---

**(၁၁၈၄) လိုင်းယ်လာတီလ် ကာဒ္ဒ်ရီ** ဆိုသည်ကို ဆရာတော်ကြီးများက ညထူးညမြတ်ဟု ပြန်ဆိုကြပေသည်။ ဥပဒေမဲ့နေသော မိရိုးဖလာ အမှောင်ထုကြီးအထဲမှ လူသားများအတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်လာသော ည ဖြစ်သောကြောင့် တင်စားခေါ်ဆိုခြင်းဖြစ်၍– မှားသည်ဟု မဆိုနိုင်သော်လည်း– တင်စားမှုများ၏ နောက်သို့လိုက်လျှက် မူရင်း အဓိပ္ပါယ် ပျောက်ဆုံးနေခြင်းမှာ ဝမ်းနည်းစရာပင် ဖြစ်တော့သည်။ ဤစကားလုံးတွဲမှ **ကာဒ္ဒ်ရီ** ဆိုသည်မှာ **ကဒရ (ကဒရ်)** မှ ဆင့်ပွားခြင်း ဖြစ်၍ စည်းချိန်၊ အတိုင်းအဆ၊ အတိုင်းအတာ၊ စည်းချိန်ချမှတ်သည်၊ စသည်ဖြင့် စည်းကမ်းနည်းလမ်း ဥပဒေများကို ခေါ်ဆိုခြင်း ဖြစ်ကြောင်း ကျမ်းတော်တစ်အုပ်လုံးတွင် မြောက်များစွာ တွေ့နိုင်ပေသည်။ ဤနေရာတွင်လည်း လူသားတို့အတွက် ကျမ်းမြတ်ကုရ်အံတည်းဟူသော လူ့စည်းကမ်း ဥပဒေကြီးအား စတင်ချမှတ်ပေးသော ည၊ သို့မဟုတ် ကိုယ်တော်မုဟမ္မဒ်ထံ၌ ပထမဦးဆုံး ဥာဏ်စဉ်တော် စတင်ကိန်းဝပ်ပေးသည့် ညကို ခေါ်ဆိုပေသည်။ ထိုအကြောင်းကို ဤသုတ်တော်ကပင် ဖေါ်ပြနေပေသည်။ သို့ဖြစ်၍– ဤနေရာ၌ ဖွဲ့စည်းပုံ ပြဋ္ဌာန်းသည့်ညဟု ပြန်ဆိုခြင်း ဖြစ်ပေသည်။

**(၁၁၈၅)** ထိုညသည် လပေါင်းတစ်ထောင်ထက် ပို၍ ကောင်းမြတ်သည် ဆိုခြင်းမှာ– လပေါင်းတစ်ထောင်ဟူသည် နှစ်ပေါင်း ၈၀ ကျော် သို့မဟုတ် လူ့သက်တမ်းတစ်ခု အတိုင်းအတာ ဖြစ်၍– ထိုလူ့သက်တမ်းတစ်လျှောက်တွင် လွတ်လပ်ခြင်း မရှိဘူးသော– တနည်းအားဖြင့် လွတ်လပ်ရေး မရဘူးသော လူသားတစ်ဦးအတွက် လွတ်လပ်ရေး ရခြင်း ဟူသည့် ဖွဲ့စည်းပုံ ပြဋ္ဌင့်ရသည့် ညသည် ထိုသူ၏ တစ်သက်တာ၌ အခြားနေ့များထက် ပိုမို မြင့်မြတ်သည်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။

**(၁၁၈၆)** ဤသုတ်တော်ပါ ဆိုလိုချက်မှာ ထိုညတွင် နတ်ဒေဝတာ ကောင်းကန်တမန်တော်များသည် ကောင်းကင်မှ ဆင်းလာသည်ဟု မဟုတ်ပေ။ နိမိတ်ဆောင် **မလာအီကာဟ်** ဆိုသည်မှာ လူသားများ ဖြစ်ကြောင်း ၂း၃၀ တွင်၊ ဥာဏ်စဉ်တော် **ရူးဟ်** ဆိုသည်မှာလည်း လူသားပင် ဖြစ်ကြောင်း ၂း၈၇ တွင် ရှင်းပြပြီး ဖြစ်သည်။ ထို့ပြင် **နဇ္ဇလ** ချမှတ်ပေးသည် ဆိုခြင်းမှာ ကောင်းကင်မှ အောက်သို့ ချပေးသည်ဟု မခံစားသင့်ပေ၊ ၅၇း၂၅ တွင် သံဝတ္ထုအား ချမှတ်ပေးခြင်းကိုလည်း **နဇ္ဇလ**ပင် သုံးပေသည်။ ဤသုတ်တော်မှ ဆိုလိုသည်မှာ ပရမတ်ဘုရားရှင်၏ အမိန့်တော်အားဖြင့် အရေးကိစ္စအဝဝ၌ ဥာဏ်စဉ်တော်ဟု ရည်ညွှန်းသော ကိုယ်တော်မုဟမ္မဒ်နှင့် နိမိတ်ဆောင်များဟု ရည်ညွှန်းသော ရိုးသားဖြူစင်သည့် တတ်သိပညာရှင်များသည် ထိုချမှတ်ပြဋ္ဌာန်းပေးသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေပေါ်၌ တစ်စိုက်မတ်မတ် လိုက်နာ ကျင့်ဆောင်ရန် အဆင်သင့် ရှိနေသည်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။ ထိုဖွဲ့စည်းပုံတည်းဟူသော ကျမ်းမြတ်ကုရ်အံသည် လူသားအားလုံးအတွက် သန္တိသုခ ငြိမ်းချမ်းခြင်းသို့ လမ်းပြ ဦးဆောင်လျှက် လူသားတို့၏ ဘဝအား အလင်းရောင်ရစေမည့် ကျမ်းတော် ဖြစ်သည့် အတွက် မိရိုးဖလာ ညအမှောင်များက မည်သို့ ဖိနှိပ် ကြဉ်ဖယ် မလိုတမာ

| | |
|---|---|
| ၅။ | سَلَامٌ هِيَ حَتَّى مَطْلَعِ الْفَجْرِ۝<br>လင်းရောင်ဖေါက်ထွက် အာရုံတက်တိုင် ထိုအပေါ်၌ ငြိမ်းချမ်းသာယာခြင်း ရှိစေလတ္တံ့။ |

---

မုန်းထားစေကာမူ အေးအေးချမ်းချမ်းဖြင့် လောကကြီးအပေါ်၌ အောင်မြင် လွှမ်းမိုးသွားရမည် ဖြစ်သည်ဟု ဆက်လက် ဖေါ်ပြပါသုတ်တော် ၅ က "လင်းရောင်ဖေါက်ထွက် အာရုံတက်တိုင် ထိုအပေါ်၌ ငြိမ်းချမ်းသာယာခြင်း ရှိလတ္တံ့ဟု ပရမတ်ဘုရားရှင်က အာမခံအွေပြုပေးထားခြင်း ဖြစ်သည်။